# အိုင်ဒီပီ အဆောင်နေကျောင်းများတွင် ကနဦး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စုံစမ်းမေးမြန်းခြင်း/လေ့လာကြည့်ရှုခြင်းများအတွက် လမ်းညွှန်

**နောက်ခံအချက်များ၊**

ကချင်ပြည်နယ်ရှိ အချို့သော နယ်မြေဒေသများတွင် အဆောင်နေကျောင်းများသည် အိုင်ဒီပီ ကလေးသူငယ်များအတွက် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေး ရပ်ရွာ ပြဿနာဖြေရှင်းသော အစီအမံအဖြစ် ပေါ်ထွက်လာပါသည်။

အချို့သော အဆောင်နေ အစီအမံများတွင် လက်ခံထားသော ကလေးသူငယ်များ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကဏ္ဍအသီးသီးမှ လူသားချင်းစာနာရေး အကူအညီ လိုအပ်ပါသည်။ သို့ရာတွင် အဆောင်နေကျောင်းများ၌ လူသားချင်းစာနာရေး ကြားဝင်ဆောင်ရွက်မှုများသည် ကလေးသူငယ်များအတွက် အန္တရာယ်ကင်းရှင်းသော ပတ်ဝန်းကျင် ဖြစ်စေရေး ပံ့ပိုးမှုပေးစေရန် ဂရုပြုရပါမည်။ ထို့အပြင် *ကလေးသူငယ်များကို အခြား ရွေးချယ်နိုင်သော ပြုစုစောင့်ရှောက်မှုအတွက် ကုလသမဂ္ဂ လမ်းညွှန်ချက်များ (United Nations Guidelines for the Alternative Care of Children)*နှင့်အညီ ကလေးသူငယ်များ ကြီးထွားရန်၊ သာယာဝပြောမှု ရှိရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် မိသားစုသည် သဘာဝကျပြီး အထောက်အကူပြုသော ပတ်ဝန်းကျင် ဖြစ်ကြောင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍခွဲ အနေဖြင့် အသိအမှတ်ပြုပါသည်။ *နယ်မြေဒေသတွင်းရှိ ကျောင်းများသို့ သွားရောက်ပညာမသင်ကြားနိုင်သည့် အခြေအနေမှာပင် အဆောင်နေကျောင်းများကို အလွန်အမင်း ပံ့ပိုးမှုပေးခြင်း သို့မဟုတ် အာရုံစူးစိုက်ခြင်းဖြင့် ကလေးသူငယ်များ အဆောင်နေကျောင်းသို့ ရောက်ရှိလာစေရန် ဆွဲဆောင်ခြင်းများနှင့် အဆောင်နေကျောင်းများတွင် သာနေလိုသည့် ဆန္ဒ မဖြစ်စေရန် သတိပြုရပါမည်။*

ဤလမ်းညွှန်ချက်တွင် အဆောင်နေကျောင်းများ၌ ကလေးသူငယ်များအတွက် အန္တရာယ် ကင်းရှင်းသော ပတ်ဝန်းကျင် ဖြစ်မဖြစ် စစ်ဆေးရန် စူးစမ်းလေ့လာရမည့် အဓိက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမေးခွန်းများ / ကိစ္စရပ်များကို အကျဉ်း ဖော်ပြ ထားပါသည်။ စိုးရိမ်ပူပန်ဖွယ်ရာများကို ဖော်ထုတ်တွေ့ရှိရပါက ကချင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနခွဲအနေဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ပိုမိုကောင်းမွန်စေရန် ပံ့ပိုးမှုပေးမည့် နည်းလမ်းဖြင့် ယင်း စိုးရိမ်ပူပန်ဖွယ်ရာများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး လူသားချင်းစာနာရေး လုပ်ငန်းဆောင်ရွက်သူများကို အကြံဉာဏ်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**ရည်ရွယ်ချက် –**

အိုင်ဒီပီ အဆောင်နေ ကျောင်းများတွင် ကနဦး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စုံစမ်းမေးမြန်းခြင်းနှင့် ကြည့်ရှု လေ့လာခြင်းများ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ အောက်ပါတို့ကို ဆုံးဖြတ်ပေးရန် အထောက်အကူပြုနိုင်မည့် သတင်းအချက်အလက် များ စုဆောင်းရန် ဖြစ်ပါသည်။

(၁) အဆောင်နေကျောင်းသို့ လူသားချင်းစာနာရေး ပံ့ပိုးမှု စတင်ပေးအပ်နိုင်ခြင်း သို့မဟုတ် ဆက်လက် ပေးအပ်နိုင်ခြင်း ရှိမရှိ (သို့မဟုတ် ပံ့ပိုးမှုပေးခြင်းဖြင့် ကလေးသူငယ်များကို ထိခိုက်အန္တရာယ် ရှိနိုင် မရှိနိုင်)

(၂) အဆောင်နေကျောင်းရှိ ကလေးသူငယ်များကို ပိုမိုကောင်းမွန်သော ကာကွယ်စောင့်ရှောက်မှု ပေးရန်နှင့် မလျော်မကန် ပြုမူခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် လျစ်လျူရှုခြင်းကို တားဆီးကာကွယ်ရန် မည်သို့သော ကြားဝင်ဆောင်ရွက်မှု နှင့်/ သို့မဟုတ် ဦးဆောင်စည်းရုံးမှု အမျိုးအစားများ လိုအပ်ကြောင်း

**ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စုံစမ်းမေးမြန်းခြင်းနှင့် ကြည့်ရှု လေ့လာခြင်းများ ပြုလုပ်သည့် နည်းလမ်း**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စုံစမ်းမေးမြန်းခြင်းနှင့် ကြည့်ရှု လေ့လာခြင်းများ ပြုလုပ်သည့် နည်းလမ်းကို ပုံသေ သတ်မှတ်ထားခြင်း မရှိပါ။ ဤစာစောင်တွင် စာရင်းပြုလုပ်ဖော်ပြထားသော မေးခွန်းများ/ကိစ္စရပ်များမှာ သတင်းအချက်အလက် စုဆောင်းရာတွင် လမ်းညွှန်နှင့် ကနဦးစမှတ်အဖြစ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ အချိန်မည်မျှရရှိသည် မည်သူတို့နှင့် တွေ့ဆုံနိုင်သည် ဟူသော အချက်များပေါ် မူတည်၍ ယင်းတို့ကို နည်းလမ်း အမျိုးမျိုးဖြင့် (အဓိက သတင်းအချက်အလက် ဖြည့်ဆည်းပေးသူ တွေ့ဆုံမေးမြန်းခြင်းများ၊ အလွတ်သဘော ဆွေးနွေးခြင်းများ၊ စူးစိုက်အုပ်စု ဆွေးနွေးခြင်းနှင့် တိုက်ရိုက် ကြည့်ရှုလေ့လာခြင်းများ အတွက်) အသုံးပြုနိုင်ပါမည်။ ဤစာစောင်တွင် စာရင်းပြုလုပ်ဖော်ပြထားသော မေးခွန်းများနှင့် ကိစ္စရပ်များကိုသာ မေးမြန်းရမည်ဟု မဆိုလိုပါ။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် အခြားကိစ္စရပ်များကို ကြားသိရပါက ယင်းတို့ကိုလည်း မှတ်သားထားရန် ဖြစ်ပါသည်။

အချိန်ရှိပါက သတင်းအချက်အလက် စုဆောင်းရေးအတွက် နည်းလမ်းများကို ပေါင်းစပ် အသုံးပြုနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ အောက်ပါအတိုင်း လုပ်ဆောင်ရန် ကြိုးပမ်းပါ။

၁။ အဆောင်နေကျောင်း အတွင်းနှင့် ပတ်ဝန်းကျင် နယ်မြေဒေသ **အခြေအနေကို ကြည့်ရှုလေ့လာခြင်း**

၂။ အဓိက သတင်းအချက်အလက် ဖြည့်ဆည်းပေးသူများနှင့် **တွေ့ဆုံမေးမြန်းခြင်း/ဆွေးနွေးခြင်း** (ဥပမာ ဆရာဆရာမများ၊ အဆောင်မှူးများ၊ ပြုစုစောင့်ရှောက်သူများ၊ ကျောင်းအုပ်ကြီး၊ ကျောင်းစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ကျောင်းတက်နေသော ကလေးသူငယ်များ၏ မိဘများ၊ ကျောင်းတည်ရှိရာ ရပ်ရွာတွင် နေထိုင်သူများ)

၃။ ကျောင်းသူကျောင်းသားများ နှင့်/သို့မဟုတ် ဆရာဆရာမ ဝန်ထမ်းများ နှင့် စုးစိုက်အုပ်စု ဆွေးနွေးပွဲများ ပြုလုပ်ခြင်း (ဥပမာ ၅တန်းမှ ၇တန်းအထိ ကျောင်းသားကျောင်းသူများနှင့် သီးခြားစီ စူးစိုက်အုပ်စု ဆွေးနွေးခြင်း၊ ၈တန်းမှ ၁၀တန်းအထိ ကျောင်းသားကျောင်းသူများနှင့် သီးခြားစီ စူးစိုက်အုပ်စု ဆွေးနွေးခြင်း၊ ဆရာဆရာမ ဝန်ထမ်းများနှင့် အုပ်စုငယ်ဖြင့် ဆွေးနွေးခြင်း) စူးစိုက်အုပ်စု ဆွေးနွေးရာတွင် ဆွေးနွေးသူများအတွက် သင့်တော်သော ကြာမြင့်ချိန် သတ်မှတ်ပါ။ ယေဘုယျ လမ်းညွှန်အဖြစ် အရွယ်ရောက်ပြီးသူ/ပိုမိုအသက်ကြီးသော ကျောင်းသားကျောင်းသူများ အတွက် မိနစ် ၉၀ ထက် မကျော်လွန် ပါစေနှင့်။ ကလေးသူငယ်များအတွက် ၄၅မိနစ်ထက် မကျော်လွန် ပါစေနှင့်။

| **အဓိကအရေးပါသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မေးမြန်းစုံစမ်းခြင်းများနှင့် ကြည့်ရှုလေ့လာခြင်းများ** |
|---|

**အထွေထွေသတင်းအချက်အလက်များ (မှတ်ချက် – ဤသတင်းအချက်အလက်များကို ဆရာဆရာမများ/ဝန်ထမ်းများ/ကျောင်းအုပ် တို့နှင့် အဓိကသတင်းအချက်အလက် ဖြည့်ဆည်းပေးသူ တွေ့ဆုံမေးမြန်းရာတွင် စုဆောင်းရန် ဖြစ်ပါသည်။)**

- အဆောင်နေကျောင်းကို မည်သည့်အချိန်တွင် တည်ထောင်ခဲ့ပါသနည်း။
- ကျောင်းသူကျောင်းသားအရေအတွက် မည်မျှရှိပါသနည်း။ (ကျောင်းသူမည်မျှ၊ ကျောင်းသား မည်မျှ ရှိပါသနည်း။)
- ကျောင်းတွင် အဆောင်နေသော ကျောင်းသားကျောင်းသူများမှာ အသက်မည်မျှမှ မည်မျှအထိ ရှိပါသနည်း။
- အဆောင်နေကျောင်းတွင် အသက် ၁၀နှစ်အောက် ကလေးသူငယ်များ ရှိပါသလား။ အသက် ၅နှစ်အောက် ရှိပါသလား။ ရှိပါက မည်မျှ ရှိပါသနည်း။
- ကျောင်းတွင် သင်ကြားသော အတန်းများကို သင်ကြားပါသနည်း။ (ဥပမာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း)
- ကျောင်းတွင် ဝန်ထမ်းစုစုပေါင်း မည်မျှ ရှိပါသနည်း။
    - ဆရာဆရာမ အရေအတွက် မည်မျှ ရှိပါသနည်း။ (ဆရာမည်မျှ ဆရာမမည်မျှ ဖြစ်ပါသနည်း။)
    - စေတနာ့ဝန်ထမ်း မည်မျှ ရှိပါသနည်း။ (အမျိုးသားမည်မျှ၊ အမျိုးသမီးမည်မျှ ဖြစ်ပါသနည်း။)
    - အိပ်ဆောင်တစ်ဆောင်စီအလိုက် အဆောင်မှူး/တာဝန်ခံ မည်မျှ ရှိပါသနည်း။
- ညအိပ်သော အရွယ်ရောက်ပြီးသူ အဆောင်မှူး မည်မျှ ရှိပါသနည်း။ (အမျိုးသားမည်မျှ၊ အမျိုးသမီးမည်မျှ ဖြစ်ပါသနည်း။)
- ကျောင်းတွင် အဆောင်နေသော ကလေးများမှာ မည်သည့်အရပ်ဒေသမှ ဖြစ်ပါသနည်း။
- အကြမ်းအားဖြင့် ကျောင်းရှိ ကျောင်းသူကျောင်းသား ရာခိုင်နှုန်း မည်မျှမှာ ပြည်တွင်းတွင် နေရပ်စွန့်ခွာရသူ (အိုင်ဒီပီ)များ ဖြစ်ပါသနည်း။
- အိုင်ဒီပီ မိသားစုများသည် ကလေးသူငယ်များကို အဆောင်နေကျောင်း သို့မဟုတ် နယ်မြေခံ ကျောင်းသို့ အလိုရှိပါက စေလွှတ်နိုင်ပါသလား။
- အဆောင်နေကျောင်းတက်သော ကျောင်းသူကျောင်းသားများသည် ကျောင်းလခ ပေးရပါသလား။
- အဆောင်နေကျောင်းကို စီမံခန့်ခွဲရန် မည်သူက တာဝန်ယူရသနည်း။

**ကျောင်းသူကျောင်းသားများ/အသက်အရွယ်နှင့် ကြီးကြပ်သူများကို မှတ်တမ်းတင်ရန် ဇယား**

| အဆောင်နေကျောင်း / အဆောင်၏ အမည် | အတန်း | ကျောင်းသားများ | ကျောင်းသူများ | စုစုပေါင်း | အသက် အငယ်ဆုံး နှင့် အကြီးဆုံး | ဆရာဆရာမများ | |
|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ |
| | 0 | | | | | | |
| | I | | | | | | |
| | II | | | | | | |
| | III | | | | | | |
| | IV | | | | | | |
| | V | | | | | | |
| | VI | | | | | | |
| | VII | | | | | | |
| | VIII | | | | | | |
| | IX | | | | | | |
| | X | | | | | | |
| | | | | | | | |

**အန္တရာယ်ကင်းရှင်းရေး – စစ်ဆေးကြည့်ရှုရန် အချက်များ**

- ကျောင်းအတွင်း သို့မဟုတ် ကျောင်းအနီးတဝိုက်တွင် စစ်စခန်းဌာနများ၊ လက်နက်ကိုင်အုပ်စုများ/တပ်ဖွဲ့များ သို့မဟုတ် စစ်သားများ ရှိပါသလား။ (မျက်မြင်ကြည့်ရှုရန်သာ)
- အဆောင်နေကျောင်း အဆောက်အဦ နေရာများကို တစ်ခါတစ်ရံ စစ်ဘက်မှ (ဥပမာ သင်တန်းပေးရန်၊ စစ်တန်းလျား၊ စစ်သုံးပစ္စည်းကိရိယာများ ထားသိုရန်) အသုံးပြုပါသလား။ (မျက်မြင်ကြည့်ရှုရန် – အများအယွင်းအတိမ်းအစောင်း မခံသော အနေအထား/ စိတ်မသက်မသာဖြစ်စေနိုင်သည့် အနေအထားတွင် မမေးမြန်းရန်)
- ကျောင်းအနီး သို့မဟုတ် ကျောင်းတစ်ဝိုက်တွင် ကလေးများကို ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် မလျော်မကန် ပြုမူခြင်းအတွက် ပစ်မှတ်ထားနိုင်သည့် လူများ သို့မဟုတ် အုပ်စုများ ရှိပါသလား။
- ကျောင်းဝင်းအတွင်းသို့ အပြင်လူများ ဝင်ရောက်နိုင်ပါသလား။ ကျောင်းဝင်းအတွင်း မဝင်ရောက်နိုင်စေရန် နေ့ဘက် သို့မဟုတ် ညဘက်တွင် လုံခြုံရေး အစီအမံ တစ်မျိုးမျိုး ရှိပါသလား။
- အန္တရာယ်ကင်းသော ခိုလှုံရာနေရာများ/အိပ်ဆောင်များ – ကျောင်းသူကျောင်းသားများသည် ညအခါ အန္တရာယ် ကင်းသည်ဟု ခံစားရပါသလား၊ အန္တရာယ် တစ်စုံတစ်ရာ ရှိပါသလား။
- ယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် သီးခြား အိပ်ဆောင်/အိပ်ရာများ ရှိပါသလား။ အိပ်ဆောင် တစ်ဆောင်လျှင် မိန်းကလေး/ယောကျ်ားလေး မည်မျှ ရှိပါသနည်း။
- အသက်အရွယ်အုပ်စုမတူညီသော ကလေးသူငယ်များအတွက် သီးခြား အိပ်ဆောင်/အိပ်ရာများ ရှိပါသလား။ အိပ်ဆောင် တစ်ဆောင်တည်းတွင် ကလေးငယ်များနှင့် အသက်ပိုကြီးသော ကလေးများ အတူတကွ နေကြပါသလား။
- ကလေးများ၏ အိပ်ရာနေရာများမှာ အရွယ်ရောက်ပြီးသော အဆောင်မှူး/ကြီးကြပ်သူများနှင့် သီးခြားစီ ဖြစ်ပါသလား။ အရွယ်ရောက်ပြီးသော ကြီးကြပ်သူများသည် မည်သည့်နေရာတွင် အိပ်ပါသနည်း။
- ယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် အိမ်သာသီးခြားစီ ထားပါသလား။ မီးထွန်းထားပါသလား။ သော့ခတ်ထားပါသလား။
- ယောကျ်ားလေးများနှင့် မိန်းကလေးများအတွက် သီးခြားစီ လုံခြုံသော ရေချိုးရန် နေရာများ ရှိပါသလား။
- ကျောင်းဝင်းအတွင်း ကလေးများ ကစားရန် အန္တရာယ်ကင်းသော နေရာများ ရှိပါသလား။
- ကလေးများသည် ကျောင်းအတွင်း လွတ်လပ်စွာ သွားလာနိုင်ပါသလား။ ကျောင်းဝင်းအတွင်းသို့ဖြစ်စေ၊ အပြင်သို့ ဖြစ်စေ လွတ်လပ်စွာ ဝင်ထွက်နိုင်ပါသလား။
- ကျောင်းသူကျောင်းသားများအား ကျောင်းမှ မိုင်းအန္တရာယ် ပညာပေးပါသလား။
- အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိုးရိမ်ပူပန်ဖွယ်ရာ ရှိပါသလား။

**စာရင်းရေးသွင်းခြင်းနှင့် မိသားစု ဆက်သွယ်ခြင်း – ကြည့်ရှုလေ့လာရန် အချက်များ** *(မှတ်ချက် – **La Na ZupJa Boarding School ESifh Ah Len Bum Boarding School** တို့တွင် အသက် ၁၀နှစ်အောက် ဘဝရပ်တည်ရန် ခက်ခဲသော ကလေးသူငယ်များအတွက် စာရင်းရေးသွင်းခြင်းနှင့် မိသားစုနှင့် ချိတ်ဆက်ရေး လုပ်ငန်းများကို ၊ လေန အုန ဆူငိုမနည က အကောင်အထည် ဖော်လျက် ရှိပါသည်။ ယင်းလုပ်ငန်းစဉ်ကို နှစ်ကြိမ် နှစ်ထပ် မလုပ်ပါနှင့်။ ကျောင်းတက်နေသော ကလေးအားလုံးကို မေးမြန်းရန် အထွေထွေ မေးခွန်းများကို ဖော်ပြထားပါသည်။)*

- ကျောင်းတက်နေသော ကလေးအားလုံးအတွက် စာရင်းသွင်းသည့် ပုံစံများ ဖြည့်ပြီးဖြစ်ပါသလား။

- ကျောင်းတက်နေသော ကလေးများအနက် မိဘများ/အမိက ပြုစုစောင့်ရှောက်သူများ မည်သည့်နေရာတွင် ရှိသည်ကို မသိသော ကလေးများ ရှိပါသလား။ မည်မျှ ရှိပါသနည်း။
- မိဘများ/ပြုစုစောင့်ရှောက်သူများသည် ကလေးများထံ သွားရောက်တွေ့ဆုံခွင့် ရှိပါသလား။
- ဧည့်တွေ့သည့် စည်းကမ်းများကို ရှင်းလင်းစွာ ချမှတ်ထားပါသလား။ ချမှတ်ထားပါက မည်သည်တို့နည်း။
- ကျောင်းသို့ လာရောက်သော ဧည့်သည်များသည် ဧည့်သည်စာရင်းစာအုပ်တွင် အမည်ရေးသွင်းရပါသလား။
- ကျောင်းသူကျောင်းသားများသည် အိမ်မှ မိဘများ/မိသားစုများနှင့် ပုံမှန် တွေ့ဆုံခွင့် ရပါသလား။ မည်သို့ အဆက်အသွယ် ပြုလုပ်သနည်း။
- ကျောင်းသူကျောင်းသားများကို ပုံမှန် အိမ်ပြန်ခွင့် ပြုပါသလား။

(မှတ်ချက် – မိသားစုနှင့် ကွဲပြားသော သို့မဟုတ် အရွယ်ရောက်ပြီးသူ မပါရှိသော ကလေးသူငယ်များကို တွေ့ရလျှင် အပြည့်အစုံ စာရင်းရေးသွင်း ပြီး နောက်ဆက်တွဲ ဆောင်ရွက်နိုင်ရေး *Save the Children* သို့မဟုတ် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ရည်ညွှန်းပို့လွှတ်နိုင်ရန် ယင်းကလေးများ၏ အမည်၊ အသက်၊ မိဘများ၏ အမည်၊ ဇာတိရပ်ရွာတို့ကို မှတ်သားခဲ့ပါ။)

**စိတ်လူမှုရေးပိုင်း ပံ့ပိုးမှု – ကြည့်ရှုလေ့လာရန် အချက်များ**

- အဆောင်နေကျောင်းကို ကလေးများက မည်သို့ သဘောထားပါသနည်း။ ကျောင်းတွင် နေရသည်ကို ပျော်ပါသလား။
- ကျောင်းသူကျောင်းသားများသည် ကျောင်းချိန်ကုန်ဆုံးသောအခါ ဖျော်ဖြေရေး/ကစားခုန်စား/အားကစား လှုပ်ရှားမှုများ ပြုလုပ်နိုင်ပါသလား။
- ကျောင်းသူကျောင်းသားများသည် ပြဿနာကြုံတွေ့ရပါက မည်သူ့ထံမှ ပံ့ပိုးမှု ရယူပါသနည်း။
- ကျောင်းသူကျောင်းသားများသည် ဆရာဆရာမများ/ပြုစုစောင့်ရှောက်သူများထံမှ စိတ်ခံစားမှုပိုင်း ပံ့ပိုးမှု ရယူရသည်ကို သက်သောင့်သက်သာ ရှိပါသလား။ ဆရာဆရာမများ/ပြုစုစောင့်ရှောက်သူများသည် ဖိစီးမှု ခံစားနေရသော ကလေးများကို မိမိတို့ စိတ်ခံစားမှုပိုင်း ပံ့ပိုးမှုပေးနိုင်သည်ဟု ထင်မြင်ယူဆကြပါသလား။

**အကြမ်းဖက်မှု ခေါင်းပုံဖြတ်မှုနှင့် မလျော်မကန် ပြုမူမှုကို တားဆီးခြင်း – ကြည့်ရှုလေ့လာရန် အချက်များ**

- ကလေးများသည် ကျောင်းတွင် မည်သို့သော နေ့စဉ် အလုပ်တာဝန် အမျိုးအစားများကို လုပ်ဆောင်ရပါသနည်း။ (ဥပမာ သန့်ရှင်းရေး၊ ချက်ပြုတ်ရာတွင် ကူညီခြင်း)
- ကျောင်းမှ အချို့ကလေးများသည် တစ်ခါတစ်ရံ ကျောင်းပြင်ပတွင် အလုပ်လုပ်ရပါသလား။
- တစ်ခါတစ်ရံ မည်သူမှန်းမသိသူများ ကျောင်းပရဝုဏ်သို့ ဝင်ရောက်၍ ကလေးများနှင့် စကားပြောဆိုပါသလား။
- ဆရာဆရာမများ ပြောဆိုဆုံးမသည်ကို မနာခံသော ကလေးများကို မည်သို့ လုပ်ဆောင်ပါသနည်း။
- ကျောင်းမှ ကလေးများသည် တစ်ခါတစ်ရံ စစ်ဘက်အုပ်စုများတွင် ပါဝင်ကြပါသလား။ (အမှားအယွင်းအတိမ်းအစောင်း မခံနိုင်သော မေးခွန်းဖြစ်နေလျှင် မမေးပါနှင့်)
- ကျောင်းတွင် အချို့သော ကလေးများသည် အန္တရာယ်ရှိသော အပြုအမူများကို ပြုမူကြပါသလား။ (ဥပမာ မူးယစ်ဆေးဝါး အသုံးပြုခြင်း၊ အရက်သောက်ခြင်း၊ မိမိကိုယ်ကို သို့မဟုတ် အခြားသူများကို ထိခိုက်အောင် ပြုလုပ်ခြင်း)

**အခြေခံလိုအပ်ချက်များ – ကြည့်ရှုလေ့လာရန် အချက်များ**

- ကလေးများအနေဖြင့် အဆောင်နေကျောင်းတွင် တက်ရောက်နေစဉ် မိမိတို့၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း ခံရသည်ဟု ထင်မြင်ယူဆကြပါသလား။
- အဆောင်နေကျောင်းတွင် တက်ရောက်နေသော ကလေးများအားလုံး၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည် ဟု ဆရာဆရာမများက တင်မြင်ယူဆကြပါသလား။
- ၎င်းတို့၏ အဓိက စိုးရိမ်ပူပန်မှုများမှာ မည်သည်တို့ပါနည်း။
- ကျောင်းသည် ယခုအခါ မည်သည့် လူသားချင်းစာနာရေး အကူအညီ/ပံ့ပိုးမှုကို လက်ခံရရှိနေပါသနည်း။
- မည်သည့် လုပ်ငန်းဆောင်ရွက်သူများ/အဖွဲ့အစည်းများသည် ပညာရေး ပံ့ပိုးမှု ဖြည့်ဆည်းပေးနေပါသနည်း။

မေးခွန်းများ မေးမြန်းခြင်း ကြည့်ရှုလေ့လာခြင်းဖြင့် သိရှိရသည်များကို အသေးစိတ် မှတ်စုများ ရေးသားလျက် ယူနီဆက် ဃဏ ဝန်ထမ်းများသို့ ပေးအပ်စေလိုပါသည်။ ဦးကျော်သူလွင် အီးမေးလ် ktlwin@unicef.org တယ်လီဖုန်း ၀၉ ၅၀၉ ၃၃၃၇ သို့ ဆက်သွယ် ပေးပို့နိုင်ပါသည်။ တွေ့ရှိချက်များနှင့် အကြံပြုချက်များ အကျဉ်းချုပ် ပြုစုရန် ဖြစ်ပါသည်။